★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၅၆/၂၀၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက်။



ဒေါ်အောင်ဆန်းစုကြည်
နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်
(၄)နှစ်(၅)လနဲ့(၁၇)ရက်ရှိသွားပါပြီ။

"×××အခုအချိန်မှာဆိုလို့ရှိရင် အချို့သူတွေဟာ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တပ်မတော်ကြားမှာ စိတ်ဝမ်းကွဲအောင်လို့ အမျိုးမျိုးပြောကြပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားကို မလိုလားသယောင်ယောင်၊ တပ်မတော်ရဲ့ အကျိုးစီးပွားကိုပဲ မလိုလားသယောင်ယောင် ပြောဆိုကြပါတယ်။ ဒါပေမယ့် ကျွန်မတို့ဟာ အစဉ်တစိုက် မြန်မာနိုင်ငံနဲ့ မြန်မာ့တပ်မတော်ကို ဂုဏ်သိက္ခာရှိရှိနဲ့ရပ်တည်စေချင်တဲ့ အဖွဲ့ဖြစ်ပါတယ်။ ကျွန်မတို့ တပ်မတော်ဟာ အစကတည်းက ပြည်သူလူထုရဲ့ရင်ခွင်ထဲကပေါက်ဖွားလာတဲ့ တပ်မတော်ပါ။ အမြဲလည်းပဲ ပြည်သူလူထုရဲ့နွေးထွေးမှုကို ခံယူနိုင်မှသာလျှင် ဒီတပ်မတော်ထူထောင်ခဲ့ရတာဟာ အကျိုးရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ တပ်မတော်အနေနဲ့ ဒီမိုကရေစီရရှိရေးအတွက် ပြည်သူလူထုရဲ့ အကျိုးကိုမျှော်ကိုးပြီးတော့ ကြိုးပမ်းသင့်တယ်လို့ ကျမထင်ပါတယ်×××"

(၁၂-၈-၁၉၉၉ နေ့တွင် ထုတ်ပြန်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်အမှတ် ၁၀၈(၈/၉၉)မှ )

## ယနေ့ သတင်းများ

၁။ ရခိုင်ပြည်နယ်တွင် အဲန်အယ်လ်ဒီပါတီဝင်များကို ဖမ်းဆီးထောင်ချ
၂။ [၈၈] မျိုးဆက်ကျောင်းသားများ ကြေညာချက် ထုတ်ပြန်
၃။ ပြန်လည်လွတ်မြောက်လာသူများ စာရင်း
၄။ ဆန်အိတ်များပုံထားပြီး လက်ခံသယောင် သံဃာတော်များကို ပုတ်ခတ်တိုက်ခိုက်
၅။ နိုင်ငံတကာဖိအား အရှိန်မြှင့်ရန် အမေရိကန်သမ္မတ နှိုးဆော်တိုက်တွန်း
၆။ ငြိမ်းချမ်းစွာဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းမှုကြောင့် ဂျပန်အစိုးရက အကူအညီပေးနေခြင်းကို ရပ်ဆိုင်း
၇။မြန်မာစစ်အစိုးရအပေါ် အရေးယူမှုကို မလေးရှားက သဘောမတူ
၈။ မစ္စတာဂမ်ဘာရီ၏ခရီးစဉ် ရလဒ်ကောင်းများ ထွက်မည်ဟု [၈၈] မျိုးဆက်ကျောင်းသားများ မျှော်လင့်
၉။ ဖမ်းဆီးမှုတွေတိုးနေဆဲ၊ အဖွဲ့ချုပ်ကချည်း [၂၈၀]ကျော်နေပြီ
၁၀။ ရာဇာလီနဲ့ ဆက်သွယ်မေးမြန်းချက်

## ရခိုင်ပြည်နယ်တွင် အဲန်အယ်လ်ဒီပါတီဝင်များကို ဖမ်းဆီးထောင်ချ

*ဗွီအိုအေ၊ ၁၆ အောက်တိုဘာလ၊၂၀၀၇*

ရခိုင်ပြည်နယ်ဘက်မှာ အဖမ်းအဆီးတွေ အခုထိရှိနေတဲ့အပြင် ဖမ်းထားသူ တချို့ကို နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်နေပါတယ်။ မနေ့ကတော့ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်က အသက် (၈၅) နှစ်ရှိပြီဖြစ်တဲ့ အဲန်အယ်လ်ဒီဥက္ကဋ္ဌ ဦးကျော်ခိုင်ကို နှစ်ပတ်ကျော် ဖမ်းဆီးထားရာကနေ ထောင်ဒဏ် (၇) နှစ်ခွဲ ချမှတ်လိုက်ပါတယ်။ တောင်ကုတ်မြို့ရဲ့ သံဃာတော်တွေကို ဦးဆောင်တဲ့ လူထုချီတက်ဆန္ဒပြပွဲတွေ ပြုလုပ်နေချိန်မှာ ဦးကျော်ခိုင် မရှိပေမယ့် အခုလို နှစ်ရှည်ထောင်ဒဏ်ချမှတ်ခဲ့တယ်လို့ ဦးကျော်ခိုင်ရဲ့သားဖြစ်သူ ကိုမြင့်စိုးက အခုလိုပြောပါတယ်။

"သူ့ကို စီရင်ချက်ချလိုက်တယ်လေ၊ ထောင်ဒဏ် (၇) နှစ်နဲ့ (၆) လ၊ ပုဒ်မသုံးခုပေါ့ခင်ဗျ။ အဲဒီအချိန်မှာ ကျနော့်အဖေက ဖြစ်နေတဲ့အချိန်မှာ ကျနော့်အဖေက ရန်ကုန်မှာ အစည်းအဝေးတက်နေတာ။ (၂၃) ရက်နေ့က တောင်ကုတ်ကနေ ထွက်သွားတယ်လေ။ အဲဒါ (၃၀) ရက်နေ့ပြန်ရောက်တယ်။ ပြန်ရောက်တဲ့အချိန်မှာ နေ့လယ် (၁၁) နာရီလောက်မှာ ခေါ်သွားတာ။ တောင်ကုတ်မှာ လှုပ်ရှားမှုမှာ ကျနော့်အဖေတခုမှမရှိဘူး။ လုံးဝမရှိဘူး။ ကျနော့်အဖေဘက်က သူအပြစ်မရှိဘူးဆိုတာပြောတယ်။ ဒါလည်းမရဘူး။ စီရင်ချက်ချတဲ့ပုံစံက အဲဒီ ခုနလို ဆူပူအောင်လှုံ့ဆော်မှုပေါ့။ ဒီ စီတန်းလမ်းလျှောက်တာကို ဖြစ်အောင် ဆောင်ရွက်ပေးမှုပေါ့၊ တိုက်တွန်းမှုပေါ့။ အဲလိုဟာမျိုး။

"နောက်တခုက ဟိုဒင်း ဘုန်းကြီး ရဟန်းသံဃာတွေကို သွေးထိုးမှုပေါ့။ စီရင်ချက်ချတဲ့အချိန်မှာမှ ကျနော်နဲ့သွားတွေ့ရတာကိုး။ ပထမခေါ်သွားတယ်၊ ဘယ်မှာထားမှန်းတောင် မသိရဘူး။ အခု သံတွဲအကျဉ်းထောင်ထဲမှာပါ။ အဲ ကျနော်သွားတဲ့အခါ သံတွဲအကျဉ်းထောင်မှာ လူချင်းမတွေ့ရပါဘူး။ ပစ္စည်းတော့ပေးလို့ရခဲ့ပါတယ်။ ကျန်းမာရေးအခြေအနေ အဲဒီထောင်က အဲဒီနေ့ အစစ်ဆေးခံဖို့အတွက် ထွက်လာတဲ့အခါ နေကောင်းပါတယ်။ အဲ စားရသောက်ရတာတော့ အဆင်မပြေဘူးတဲ့။ ကျနော့်အဖေကအသက် (၈၅) နှစ်ရှိပြီးတော့ သူ့မှာ နှလုံးသွေးကြောပွတဲ့ရောဂါရှိတယ်။ ဒီဥစ္စာ အစားက အိမ်မှာတောင်

မှ ဂရုစိုက်စားရတယ်။ တခါစားရင် တနာရီ အနည်းဆုံးအချိန်ယူရတယ်။ ဟိုဟာပေါ့၊ ထမင်းနင်တယ်ပေါ့။ အဲဒီ လိုအခက်အခဲရှိတယ်။ အဲဒီထောင်ထဲမှာဆိုရင်တော့ သိပ်ကြာမှာမဟုတ်တော့ဘူးထင်တယ်။ အဲလိုနေရရင်တော့ ကြာကြာခံမှာမဟုတ်တော့ဘူး။" ဦးကျော်ခိုင်ရဲ့သားဖြစ်သူက ပြောသွားတာပါ။ ရခိုင်ပြည်နယ်ထဲက အဖမ်းအဆီးတွေနဲ့ပတ်သက်ပြီး အဖမ်းမခံရအောင် ရှောင်တိမ်းနေရတဲ့ တောင်ကုတ်မြို့နယ်က အဲန်အယ်လ်ဒီအတွင်းရေးမှူး ဦးခင်လှကတော့ –

"ရခိုင်ပြည်နယ်က ပြည်နယ်ဘဏ္ဍာရေးမှူးပေါ့နော် ဦးမြင့်အောင်၊ အဲဒါကတော့ ကုန်ခဲ့တဲ့ (၁၃) ရက်နေ့ကမှ နောက်ဆုံးဖမ်းသွားတယ်ပေါ့။ အိမ်ပြန်တဲ့အခါမှာ၊ နောက် မာန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးဖြူအောင်၊ အမ်းမြို့နယ် မြို့နယ်စည်းဥက္ကဋ္ဌ ဦးစိန်ကျော်၊ ရမ်းဗြဲမြို့နယ်က ပြည်နယ်အဖွဲ့ဝင် ဦးရန်ရွှေ၊ နောက်ပြီးတော့ ပြည်နယ်အဖွဲ့ဝင် ဦးမောင်ရွှေ၊ ကျနော်တို့ တောင်ကုတ်မြို့နယ်စည်းအဖွဲ့က ဒု–ဥက္ကဋ္ဌ ဦးသန်းဖေ၊ အဖွဲ့ဝင် ဦးထွန်းကြည်၊ လောလောဆယ် အဲဒါဖမ်းထားတယ်ပေါ့။ ဘယ်နေရာမှာဖမ်းထားတယ်၊ ဘာဥပဒေပုဒ်မတွေနဲ့ အရေးယူထားတယ်၊ တရားစွဲဆိုထားတယ်၊ ဒါတွေကတော့ မသိရဘူးလေ။ မိသားစုတွေနဲ့လည်း တွေ့ခွင့်မရဘူး။ ဘယ်နေရာမှ ၁ထားတယ်ဆိုတာ အတိအကျမသိရဘူး။"

တောင်ကုတ်မြို့မှာ တကိုယ်တော်ဆန္ဒပြခဲ့တဲ့ ကိုစိုးဝင်းဟာ လည်း အစိုးရကို အကြည်ညိုပျက်အောင် လုပ်မှုနဲ့ ၈၈ မျိုးဆက်ကျောင်းသားတွေကို လွှတ်ပေးဖို့တောင်းဆိုခဲ့တာကြောင့် အဖမ်းအဆီးခံနေရပြီး သူ့အမှုကို လိုက်ပေးရဲသူ မရှိသလောက်ဖြစ်နေတယ်လို့လည်း ဦးခင်လှက ပြောပါတယ်။

"ကျနော်တို့ တောင်ကုတ်မြို့မှာ ဟို ဦးစိုးဝင်းဆိုတာလေ၊ ကျေးရွာစည်းအဖွဲ့ဝင်တယောက်ပေါ့။ အဲဒီကိစ္စနဲ့ သူ့ကို ထောင်လေးနှစ်ချထားတယ်။ နိုင်ငံတော်အကြီးအကဲကို အကြည်ညိုပျက်အောင်လုပ်တယ်ဆိုတဲ့ဟာက တခု၊ အဲဒါက နှစ်နှစ်ကျတယ်။ တခုကနေပြီးတော့ အဲဒီ ကျောင်းသားတွေ ပြန်လွှတ်ပေးဖို့ဆိုတဲ့ဟာ၊ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ဆိုတဲ့ဟာ အဲဒါ နှစ်နှစ်ကျတယ်။ ဒီအမှုက နိုင်ငံတော်အစိုးရ ခေါင်းဆောင်ပိုင်းနဲ့ ပတ်သက်နေတဲ့အမှုဆိုတဲ့အခါကျတော့ သူ့အတွက် လွှတ်မြောက်ရာလွှတ်မြောက်ကြောင်းပေါ့နော်၊ အဲလို ဥပဒေကြောင်းအရ ခုခံကာကွယ်ပေးဖို့လူရော၊ နောက်ပြီးတော့ ဒီအမှုမှာ အဲဒီလိုပေါ့ ထောင်ဝင်စာတွေ့ဖို့၊ အဲလို ရှေ့နေငှားဖို့ဆိုတဲ့ ကိစ္စတွေ၊ သူ့အမှုကိုနောက်ကနေပြီးတော့ လိုက်ပြီးဆောင်ရွက်ပေးမယ့် ပုဂ္ဂိုလ်ကလည်း ဒီလိုလုပ်မယ့်လူ မရှိဖြစ်နေတာပေါ့နော်။"

ဦးခင်လှက ပြောသွားတာဖြစ်ပါတယ်။

မနေ့ကလည်း စစ်တွေမြို့မှာ နှစ်ဦးကို ဖမ်းဆီးခဲ့တယ်လို့ သိရပါတယ်။ စစ်တွေမြို့မှာ အဖမ်းအဆီးတွေ အခုထိ ရှိနေသေးပေမယ့် သံဃာတော်တွေကတော့ ကံဆောင်နေကြတုန်းပဲလို့ စစ်တွေမြို့ခံတဦးက ပြောပြခဲ့ပါတယ်။ ■




## [၈၈] မျိုးဆက်ကျောင်းသားများ ကြေညာချက် ထုတ်ပြန်

*ဒီဗွီဘီ၊ ၁၆ အောက်တိုဘာလ၊ ၂၀၀၇*

လွန်ခဲ့တဲ့ရက်ပိုင်းအတွင်းက ခေါင်းဆောင်လေးဦး ထပ်မံဖမ်းဆီးခံခဲ့ရပေမဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးအတွက် ပြည်သူတွေ ရဲ့ ရှေ့ကနေ ဆက်လက်တိုက်ပွဲဝင်သွားမဲ့အကြောင်း (၈၈) မျိုးဆက်ကျောင်း သားများအဖွဲ့က ဒီကနေ့ ကြေညာချက်တစောင် ထုတ်ပြန်ပြီး ပြောကြား လိုက်ပါတယ်။ အခု ဒီကြေညာချက် အပြည့်အစုံကို (၈၈) မျိုးဆက်ကျောင်း သားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုစိုးထွန်း ဖတ်ကြားထားပါတယ်။

**"ပြည်သူလူထုသို့ (၈၈) မျိုးဆက်ကျောင်းသားများ၏ အသိပေးကြေညာချက်၊"**

ရက်စွဲ (၁၆) ရက် ၊ (၁၀) လ၊ (၂၀၀၇)

စစ်ကြိုးစိုးမှုအောက်တွင် လူ့အခွင့်အရေးများ ဆုံးရှုံးကာ လူမှုဒုက္ခအဝဝကိုမရှုမလှ ခံစားနေကြရသည့် ရဟန်းရှင်လူ ကျောင်းသားပြည်သူအပေါင်းတို့သည် မကြာသေးမီသောကာလများက အသက်သွေးချွေးများစတေး၍ မိမိတို့၏ ဆန္ဒသဘောထားများကို နိုင်ငံတဝှမ်းလုံးတွင် ငြိမ်းချမ်းစွာထုတ်ဖော်ပြသခဲ့ကြသည်။ မြန်မာ့သမိုင်းတွင်သာမက သာသနာ့သမိုင်းတွင်ပါ မော်ကွန်းထိုးခဲ့ရသည့် ရဟန်းသံဃာထု၏ ညီညွတ်သောသပိတ်မှောက် ကံဆောင်ပွဲကြီးနှင့် ကျောင်းသား ပြည်သူအပေါင်းတို့၏ အကြမ်းမဖက် သွေးစည်းလှုပ်ရှားမှုကြီးကြောင့် (၁) နအဖ စစ်အစိုးရ၏ သွေးရူးသွေးတန်း တုန့်လှုပ်ခြောက်ချားမှုနှင့် စစ်အာဏာရှင်တို့၏ လူမဆန် ရက်စက်ကြမ်းကြုတ်သော ဗီဇအမှန်ကို ဖွင့်ချပြနိုင်ခဲ့ခြင်း။ (၂) မြန်မာ့အရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂကြီးနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အာရုံစိုက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အရင်ကထက် ပိုမိုရရှိကာ လုံခြုံရေးကောင်စီတွင် အရေးယူဆောင်ရွက်နိုင်ရေးအတွက် အဆင့်ဆင့်ဆွေးနွေးလာရခြင်း။ (၃) ကျောင်းသားသမဂ္ဂနှင့် ခွပ်ဒေါင်းအလံတော် ပြန်လည်လွှင့်ထူနိုင်ခဲ့ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံ ဆောင်ရွက်မည့် မျိုးဆက်သစ်ကျောင်းသားလူငယ်များ ပေါ်ထွန်းလာခြင်း။ (၄) အလွှာအသီးသီးမှ သမဂ္ဂများ၊ အဖွဲ့အစည်းများ ပေါ်ပေါက်လာပြီး၊ ပြည်သူလူထုကြားတွင် နိုင်ငံရေးရေချိန် တဖန်ပြန်လည်မြင့်တက်ကာ စစ်အာဏာရှင်စနစ် ဘုန်းဘုန်းလဲကျသွားစေရေးအတွက် နိုးနိုးကြားကြားရှိလာကြခြင်း။ (၅) စစ်ဗိုလ်ချုပ်ကြီးမှ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံဆွေးနွေးရေးအတွက် စကားအရကမ်းလှမ်းလာရခြင်း စသည့်အကျိုးရလဒ်များ ဖြစ်ထွန်းလာခဲ့သည်။ ဤသည်ကားလူထုအောင်ပွဲပင်ဖြစ်သည်။ သို့သော် ပြည်သူတရပ်လုံးအနေဖြင့် အာဏာရှင်စနစ်ကိုချုပ်ငြိမ်းပြီး တမျိုးသားလုံး၏အကြပ်အတည်းကို သိမ်မွေ့ညင်သာစွာ အသွင်ကူးပြောင်းနိုင်မည့် စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲ အမှန်တကယ်နှင့် အမြန်ဆုံး အကောင်အထည်ပေါ်လာစေရေးအတွက် လူထုလှုပ်ရှားမှု အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် သတ္တိရှိရှိ ညီညီညွတ်ညွတ် ဆက်လက်ကြိုးပမ်းသွားရန်လိုအပ်ပေသည်။ ကျွန်ုပ်တို့ (၈၈) မျိုးဆက်ကျောင်းသားများအနေဖြင့် ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်၊ ကိုလှမျိုးနောင်၊ ကိုအောင်သူ၊ မမီးမီးတို့အား မကြာမီ ရက်ပိုင်းအတွင်းက စစ်အစိုးရမှ ဖမ်းဆီးခေါ်ဆောင်သွားသော်လည်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ထွန်းကားရေးတို့အတွက် ရှန်းကန်အားထုတ်နေမှုများ တစုံတရာယုတ်လျော့သွားမည် မဟုတ်ပေ။ လူထုအခြေခံပြီး အခြေအနေအချိန်အခါနှင့် ကိုက်ညီသည့် နည်းလမ်းများ ပုံသဏ္ဍာန်များဖြင့် ပြည်သူ့ရှေ့က မားမားမတ်မတ်ရပ်တည်ကာ မဖောက်မပြန် ဆက်လက်လှုပ်ရှားတိုက်ပွဲဝင်သွားမည်ဖြစ်သည်။ လေးနက်တည်ကြည်သောသစ္စာဖြင့် အသိပေးအပ်ပါသည်။

(၈၈) မျိုးဆက်ကျောင်းသားများ။ ဒီကနေ့ထုတ်ပြန်တဲ့ (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့ရဲ့ ကြေညာချက်ကို အဖွဲ့ဝင်တဦးဖြစ်တဲ့ ကိုစိုးထွန်း ဖတ်ကြားပေးသွားတာဖြစ်ပါတယ်။ ဒီကြေညာချက်နဲ့ ပတ်သက်လို့ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုအောင်နိုင်ကလဲ ပြည်သူလူထုကြီးကို အခုလို ပန်ကြားသွားခဲ့ပါတယ်။

"မိဘပြည်သူအပေါင်းတို့ မြန်မာပြည်မှာ ယနေ့ဖြစ်ပေါ်နေတဲ့ လူမှုဒုက္ခအဝဝနှင့် နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းရာမှာ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အနာဂတ်တိုင်းပြည်အတွက် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အသွင်ကူးပြောင်းနိုင်မယ်ဆိုတာကို ကျနော်တို့အနေနဲ့ အစဉ်အဆက် တောင်းဆိုခဲ့တယ်။ အစဉ်အဆက် ပြောကြားခဲ့ပါတယ်။ ကျနော်တို့ရဲ့ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်ဖြစ်တဲ့ ကိုမင်းကိုနိုင်၊ ကိုကိုကြီးအပါအဝင် ကျောင်းသားခေါင်းဆောင်တွေက အစပြုပြီးတော့ ဒီကနေ့ ကျနော်တို့တွေအထိ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းကနေ အစဉ်အဆက် လျှောက်လှမ်းခဲ့ကြတယ်။ တိုင်းပြည်မှာ ငြိမ်းချမ်းတဲ့ အသွင်သဘောဆောင်တဲ့ လူထုလှုပ်ရှားမှုများနဲ့ ကျနော်တို့ရဲ့ သဘောထားတွေကို ကမ္ဘာသိဖော်ထုတ်ခဲ့ကြတယ်။ ဒီလိုကျနော်တို့ ပြည်သူတွေ ရဟန်းသံဃာတော်တွေ ကျောင်းသားကျောင်းသူတွေရဲ့ ငြိမ်းချမ်းတဲ့ ဆန္ဒပြပွဲတွေကို စစ်အစိုးရက အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်နှိမ်နင်းခဲ့တာကို တကမ္ဘာလုံးကလဲ သိမြင်ပြီးဖြစ်တယ်။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းမှာ ဒီလို လူမဆန်တဲ့ ရိုင်းပြစော်ကားမှုတွေကို ကျနော်တို့ ဗမာမှာတင်မက ကမ္ဘာကပါ လက်မခံနိုင်ခဲ့ကြပါဘူး။ အထူးသဖြင့် ရဟန်းသံဃာတော်တွေ ကျောင်းသားပြည်သူတွေရဲ့ သွေးမြေကျမှုတွေကြောင့် နအဖ စစ်အစိုးရကို နိုင်ငံတကာကနေ ဖိအားပေးမှုတွေ လုပ်တဲ့အတွက်ကြောင့် တွေ့ဆုံဆွေးနွေးမှုကို မဖြစ်မနေ ကမ်းလှမ်းခဲ့ရတာဖြစ်ပါတယ်။ မိဘပြည်သူအပေါင်းတို့ စစ်အစိုးရရဲ့ သေနတ်သံတွေအောက်က ကျနော်တို့ ပြည်သူတွေ ရဟန်းသံဃာတော်တွေနဲ့ ကျောင်းသားကျောင်းသူအပေါင်းဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဆန္ဒဖော်ထုတ်ကြရင်း စစ်အစိုးရရဲ့ ရက်စက်ယုတ်မာမှုအပေါင်းကို ကမ္ဘာကို ချပြခဲ့ပြီးပါပြီ။ ရဟန်းရှင်လူ ကျောင်းသားပြည်သူတို့ရဲ့ ပေါင်းစည်းမှု၊ ညီညွတ်မှု၊ အနစ်နာခံမှုတွေဟာ သမိုင်းမော်ကွန်းဝင်ခဲ့ပါပြီ။ မျိုးဆက်သစ် ကျောင်းသားလူငယ်တွေဟာ အာဏာရှင်လက်အောက်က နိုးထပြီး၊ ခွပ်ဒေါင်းအလံကို တဖန်ပြန်လည်လွှင့်ထူနိုင်ခဲ့ကြပါပြီ။ မျိုးဆက်တွေအားလုံး ပေါင်းစည်းမိကြပြီး တွဲလက်တွေညီနေကြပြီ။ ပြည်သူတွေရဲ့ စစ်အာဏာရှင်လက်အောက်က ရုန်းထွက်လိုစိတ်နဲ့အတူ ပူးပေါင်းဆောင်ရွက်မှုများဟာလဲ ပိုမိုပြီးတော့ ခိုင်မာလာခဲ့ပါပြီ။ မိဘပြည်သူအပေါင်းတို့ ကျနော်တို့ရဲ့ အနာဂတ်သစ်ရဲ့ရောင်ခြည်ဟာ ထွက်ပေါ်လာခဲ့ပြီ။ ကျနော်တို့ရဲ့ ပန်းတိုင်ကိုရောက်အောင် ဆက်လက်ပြီးတွဲလက်ညီညီနဲ့ ဆောင်ရွက်ကြရအုံးမှာဖြစ်တယ်။ ကျနော်တို့တတွေဟာ ပြည်သူတွေရဲ့လိုချင်တပ်မက်မှုတွေဖြစ်တဲ့ ငြိမ်းချမ်းရေး လွတ်လပ်ခြင်းနဲ့အတူ လှပတဲ့ဒီမိုကရေစီ လူ့ဘောင်တခုကို ကျနော်တို့ ပြည်သူတွေရဲ့လက်ဝယ်ကို မရောက်မချင်း၊ လက်ဆုပ်လက်ကိုင် မရှိမချင်း၊ ကျနော်တို့ဟာ နည်းမျိုးစုံနဲ့ ပြည်သူ့ရှေ့က မားမားမတ်မတ်ရပ်တည်ရင်း စစ်အာဏာရှင်စနစ်ကို သက်ဆုံးတိုင် တွန်းလှန်သွားမယ်ဆိုတဲ့အကြောင်းကို ကတိသစ္စာပြုလိုပါတယ်။ ကျနော်တို့ရဲ့ ခိုင်မာတဲ့ စိတ်ဓာတ်တွေ ယုံကြည်ချက်တွေကို ဘယ်လိုအတားအဆီး၊ ဘယ်လိုဖိနှိပ်မှုမျိုးနဲ့မှ အာဏာရှင်တွေဟာ ဖျက်စီးပစ်လို့မရပါဘူး။ ဒီလို ကျနော်တို့ရဲ့ ဇွဲရှိမှု သတ္တိရှိမှု အနစ်နာခံမှုတို့အတွက် လှပတဲ့အနာဂတ်သစ်စံအိမ်ဟာ ကျနော်တို့ကို နွေးထွေးစွာစောင့်စားနေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျနော်တို့ရဲ့ စည်းလုံးညီညွတ်မှုတွေအောက်မှာ စစ်အာဏာရှင်တွေဟာ တနေ့ မုချ ဒူးထောက်ကြရမှာဖြစ်တယ်။ မပြီးသေးတဲ့ ဒီမိုကရေစီတိုက်ပွဲအတွက် ကျနော်တို့တွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တွဲထားတဲ့လက်တွေ မပြုတ်စတမ်း ဆက်လက်ချီတက်ကြပါစို့လို့ ပြောကြားလိုပါတယ်။" ■

# ပြန်လည်လွတ်မြောက်လာသူများ စာရင်း

*ဒီဗွီဘီ၊ ၁၆ အောက်တိုဘာလ၊ ၂၀၀၇*

ကျမတို့ဆီသတင်းပို့ထားသူတွေထဲက စက်တင်ဘာ ၂၇–ရက်နေ့မှာဖမ်းဆီးခံခဲ့ရသူ ဂျပန်သံရုံးဝန်ထမ်း ဦးအောင်နိုင်မိုး–အသက် ၃၉–နှစ်–အခုလ ၃–ရက်နေ့က ပြန်လွတ်လာခဲ့ပြီးဖြစ်ပါတယ်၊ အလားတူ ၂၇–ရက်နေ့မှာဘဲဖမ်းဆီးခံခဲ့ရတဲ့ တောင်ဥက္ကလာ အမှတ် ၉–ရပ်ကွက် ကျော်သူ ၂၁–လမ်းက ပုဂ္ဂိုလ် ၇–ဦးထဲက ၆–ဦး မနေ့ကဘဲပြန်လွတ်လာတယ်လို့ သူတို့နဲ့နီးစပ် သူတဦးက ဒီဗွီဘီ–ကိုတယ်လီဖုန်းနဲ့ထပ်မံအကြောင်းကြားလာပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေကတော့ ရိုက်နှက်ဖမ်းဆီးခံခဲ့ရတဲ့ ရဲတပ်သား ကိုလှိုင်နေစိုး–အသက် ၂၄–နှစ်၊ အိမ်အမှတ် ၇၉၂–မှ အိမ်ရှင်ဒေါ် မြင်မြင်ခိုင်နဲ့ သူ့ရဲ့သားငယ် မောင်အောင်ပိုင်ဦး–အသက် ၁၄–နှစ် အထက–၂–တောင် ဥက္ကလာ၊ နောက်တခါ အိမ်နံပါတ်တူ–အခန်းတွဲအိမ်မှ အိမ်ရှင်ဒေါ် မြင့်မြင့်အေး–နဲ့ သူ့ရဲ့သား မောင်ဇော်ထက်ကျော်–အသက် ၁၅– အထက ၂–တောင်ဥက္ကလာနဲ့ အမှတ် ၇၉၃–မှ အိမ်ရှင်–ဖိနပ်ချုပ်သမား ဦးတင်စန်း–အသက် ၅၀–နှစ်တို့ဖြစ်ပါတယ်၊ ဒါပေမဲ့ ဒေါ် မြင့်မြင့်ခိုင်ရဲ့သားကြီး အသက် ၁၈–နှစ်အရွယ် ဂျီတီစီ–ဒုတိယနှစ်ကျောင်းသား မောင်လွင်ကိုဦးကိုတော့ ပြန်မလွှတ်ပေးသေးဘဲ ဖမ်းထားဆဲဖြစ်တယ်လို့ အဲဒီပုဂ္ဂိုလ်ကဆိုပါတယ်၊ သူတို့အားလုံးကို အင်းစိန်–ဂျီတိုင်အိုင်–စစ်ကြောရေးစခန်းမှာဖမ်းဆီးစစ်ဆေးပြီး ခံဝန်ချက်တွေလက်မှတ်ရေးထိုးခိုင်းပြီးတဲ့နောက် ပြန်လွှတ်ပေးလိုက်တာဖြစ်ပါတယ်၊ စစ်ကြောရေး စခန်းတွင်းကအခြေနေကိုထုတ်ပြောဖို့သူတို့က တွန့်ဆုတ်နေဆဲဖြစ်ပေမဲ့ သူတို့နဲ့အတူပြန်လွတ် လာသူတွေအပြောတိုင်းဆိုရင် အခြေနေအတော်ဆိုးတယ်လို့သိရပါတယ်၊ သတင်းတပါတ်ကြာကာလအတွင်း ရေမချိုးရ၊ လက်မဆေးရ၊ ရေကိုတနေ့တခွက်ထက်ပိုမသောက်ရ နေရတဲ့အပြင် အိမ်သာ–အိပ်ရာတွေကလဲ အခြေအနေအတော်ဆိုးတယ်လို့သိရပါတယ်၊ အိပ်ရာခင်းမရှိတဲ့ လူတချို့ဟာ လူဝတ်လဲခံထားရတဲ့ ဖမ်းဆီးခံသံဃာတော်တွေရဲ့ သင်္ကန်းတွေကို ခင်းအိပ်နေကြတယ်လို့ဆိုပါတယ်၊ သင်္ကန်းတွေ အပုံကြီးကြီးဖြစ်နေတဲ့အတွက် သံဃာဦးရေတော်တော်များများ ဖမ်းဆီးထားပုံရတယ်လို့လဲ သူတို့ကဆိုပါတယ်၊

ကျမတို့ ဒီဗွီဘီဆီတိုင်ကြားထားသူတွေထဲက အတော်များများ ပြန်လွတ်လာပြီဖြစ်တဲ့အတွက် တိုင်ကြားစာတွေဆက်လက်ပေးပို့ကြဖို့ ထပ်မံ နှိုးဆော်အပ်ပါတယ်၊ ဆက်သွယ်ရမဲ့ နံပါတ်တွေကတော့ ၀၀ ၄၇ ၂၂ ၈၆ ၈၄ ၇၃၊ ၂၂ ၈၆ ၈၄ ၇၈၊ ၂၂ ၈၆ ၈၄ ၈၃ နဲ့ ၉၉ ၈၅ ၉၈ ၈၆–တို့ဖြစ်ပါတယ်၊ ဖက်စ်ပေးပို့မယ်ဆိုရင်တော့ ၂၂ ၈၆ ၈၄ ၇၁–ဖြစ်ပါတယ်၊ အီးမေး–အင်တာနက်ကတဆင့်သတင်းပေးမယ်ဆိုရင်တော့ www.dvb.no –ကတဆင့် ဆက် သွယ်နိုင်ပါ တယ်ရှင်။ ■

*ဓမ္မသည် အဓမ္မကို နိုင်မြဲ။ *
*လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ*

## ဆန်အိတ်များပုံထားပြီး လက်ခံသယောင် သံဃာတော်များကို ပုတ်ခတ်တိုက်ခိုက်

*ရိုးမ၊ ၁၆ အောက်တိုဘာလ၊၂၀၀၇*

စစ်အစိုးရ (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့ဝင်များဟုဆိုကာ ဆန်အိတ်လှူဒါန်းခြင်းကို လက်မခံဘဲရှိရာ ပြည်သူအတွင်း၌ သံဃာတော်များက လက်ခံသယောင် ဝါဒဖြန့်ခဲ့သည်။

ရန်ကုန်မြို့၊ သရက်တောကျောင်းတိုက်သို့ ရန်ကုန်တိုင်း၊ တိုင်းမှူးဦးစီး၍ ဆန်များလှူဒါန်းခဲ့ရာ သံဃာတော်များက ကံဆောင်ထားသည်အတွက် လက်မခံပဲရှိနေရာ စစ်တပ်က အဆိုပါဆန်အိတ်များကို ပုံထားပြီး သံဃာတော်များမှ လက်ခံသယောင် ပုတ်ခတ်တိုက်ခိုက်နေခြင်းဖြစ်ပါတယ်။

"ဟိုတနေ့ကတော့ လော်နဲ့ လိုက်အော်တယ်။ (ကြည်း၊ ရေ၊ လေ)တပ်ကနေ ဆန်လှူမယ်။ လှူတဲ့အခါကျရင် ပြည်သူတွေကပါ လာလှူဖို့ အော်တာကြားတယ်။ ဘုန်းဘုန်းတွေက လက်မခံဘူး။ ဘုန်ကြီးတွေအနေနဲ့ကတော့ ညှင်းပန်းနှိပ်စက် သတ်ဖြတ်ထားသော လက်မခံဘူးဆိုတာကြားတယ်။ သရက်တောကျောင်းတိုက်မှာပါ။ ကျောင်းတိုက်တွေအားလုံးပါတယ်။ လှူမယ်ဆိုတာတော့ အတိအကျ လိုက်အော်တယ်။ (၁၂)ရက်နေ့က အော်တယ်။ ည(၈)နာရီလောက်က အော်တာ"ဟု ရန်ကုန်မှ အမျိုးသမီးတဦးက ဆိုပါတယ်။

သံဃာတော်များအား ရိုက်နှက်သတ်ဖြတ်ပြီး ယခုကဲ့သို့ ဆန်လှူသည်ကို ပြည်သူများက လုံးဝကျေနပ်မှုမရှိသလို ယခင်အချိန်များထက် သံဃာတော်များအပေါ် ကိုယ့်အသိစိတ်ဖြင့် လှူဒါန်းမှုများ တိုးများလာသည်ဟု ၎င်းက ဆက်လက်ပြောဆိုပါတယ်။

ရန်ကုန်တိုင်း၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းကိုယ်တိုင် ဦးစီးလှူဒါန်းသည့် ဆန်အိတ်ပေါင်း(၁၇၆) အိတ်မှာ ယခုအချိန်အထိ သရက်တောကျောင်းဝင်းအတွင်း ရှိနေပြီး သံဃာတော်များက ပြည်သူလူထု၏လှူဒါန်းမှုများကိုသာ လက်ခံ၍ ဆွမ်းခံကြွနေပါတယ်။ "ကြားကောင်းအောင် လှူနေပြီးပေါ့နော်။ သူတို့နဲ့ပတ်သက်ပြီး မလှူဘူး။ ကိုယ့်ဘာသာကိုယ်လှူမယ်ပေါ့၊ ပြည်သူတွေကတော့ ကိုယ့်အသိစိတ်နဲ့ ကိုယ် အရင်ထက်တောင် လှူသေးတယ်။ ဘုန်းဘုန်းတွေကို ပိုပြီးတော့ သဒ္ဓါတာပေါ့နော်၊ အရင်ကထက်ပေါ့"ဟုဆိုပါတယ်။

သူမ၏ အိမ်အနီးပတ်ဝန်းကျင်တွင် စစ်တပ်မှ ဗိုလ်မှူးအဆင့်ရှိ အိမ်များရှိပြီး ၎င်းတို့ကိုယ်၌က ယခုလိုလုပ်ရပ်မျိုးကိုလက်မခံဘဲ စစ်တပ်က လိုက်လံနှိုးဆော်သည့်အခါ အဓိပ္ပါယ်မရှိသည့် လုပ်ရပ်သာဖြစ်သည်ဟု ပြောဆိုနေသည်ဟု ၎င်းက ဆက်လက်ပြောဆိုပါတယ်။ စစ်အစိုးရက အဆိုပါဆန်အိတ်များကို သရက်တောကျောင်းဝင်းအတွင်း စတင်ပို့ဆောင်ကာ တိုင်းမှူးနှင့်အဖွဲ့က သံဃာများအား လျှောက်ထားလှူဒါန်းခဲ့ရာ သံဃာများက ကံဆောင်ထားကြောင်းမိန့်ခဲ့သည်ဟု ဆိုပါတယ်။

"နယ်ကိုပြန်ကြွတဲ့ ဘုန်းကြီးတွေကို ရန်ကုန်ပြန်လာလို့မရဘူးလို့ သိရပါတယ်။ ဘုန်းကြီးခေါင်းခေါက်ပြီး ကန်တော့ကန်တော့ဆိုပြီး လှူနေတာဆိုတော့ သူ့ကိုလည်း ဒါကိုမကြိုက်ဘူးလို့ ပြောတယ်"ဟု ရန်ကုန်မြို့မှ အမျိုးသမီးတဦးက ဆိုပါတယ်။ ■




## နိုင်ငံတကာဖိအား အရှိန်မြှင့်ရန် အမေရိကန်သမ္မတ နှိုးဆော်တိုက်တွန်း

*အာအက်ဖ်အေ၊ ၁၆ အောက်တိုဘာလ၊ ၂၀၀၇*

ကုလသမဂ္ဂအထွေထွေညီလာခံတွင် စက်တင်ဘာ ၂၅ရက်နေ့က အမေရိကန်သမတ ဂျော့ချ် ဒဗလျူဘုရှ်သည် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ပြောကြားခဲ့ပါသည်။ ထိုနေ့မှာပင် အမေရိကန်ပြည်ထောင်စုသည် မြန်မာစစ်အစိုးရအပေါ် ပြစ်ဒဏ်အသစ်များ ချမှတ်ခဲ့ပြီး မြန်မာ့ဒီမိုကရေစီရေးအတွက် နိုင်ငံတကာမှ ဝိုင်းဝန်ကူညီပံ့ပိုးကြရန် တိုက်တွန်းခဲ့ပါသည်။

မြန်မာစစ်အစိုးရဟာ နိုင်ငံတကာရဲ့ သဘောထားနဲ့ ပြောင်ပြောင်တင်းတင်းဆန့်ကျင်ပြီး ဒီမိုကရေစီအရေးလှုပ်ရှားသူတွေကို ဥပဒေမဲ့ဆက်လက် ဖမ်းဆီးနှိပ်ကွပ်နေတဲ့အတွက် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက ဖိအားပေးနေတာတွေ အရှိန်မြှင့်သွားကြဖို့ အမေရိကန်သမ္မတက တိုက်တွန်းနိုးဆော်လိုက်ပါသည်။

မြန်မာစစ်ဗိုလ်ချုပ်တွေအနေနဲ့ သူတို့ကို နိုင်ငံတကာအသိုင်းအဝိုင်းက လုံးဝလက်မခံဘဲ ဝိုင်းပယ်ထားမယ်ဆိုတာ ပြတ်ပြတ်သားသား သတိပေးပြသရာ ရောက်အောင် နိုင်ငံတကာအနေနဲ့ ဖိအားတွေ ပြင်းပြင်းထန်ထန်ပေးသွားဖို့လိုတယ်လို့ အမေရိကနမ်သမ္မတ မစ္စတာ ဂျော့ချ် ဒဗလျူဘုရှ်က အောက်တိုဘာ(၁၅)ရက် တနင်္လာနေ့က ပြောကြားလိုက်တာပါ။

ပြစ်ဒဏ်ခတ်အရေးယူမှုတွေ အမေရိကန်တနိုင်ငံတည်းက လုပ်ဆောင်နေမယ်ဆိုရင် အောင်မြင်ထိရောက်မှာ မဟုတ်ဖူးလို့လည်း မစ္စတာဘုရှ်က ပြောသွားပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအရေး ငြိမ်းချမ်းစွာ တောင်းဆိုဆန္ဒပြသူတွေအပေါ် စစ်အစိုးရက အကြမ်းဖမ်းဖြိုခွင်းနေတာတွေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချကြောင်း ကြေညာချက်ထုတ်ပြန်ပြီးတဲ့နောက် ရက်ပိုင်းအတွင်းမှာပဲ အမေရိကန်သမ္မတက နိုင်ငံတကာကို ခုလို တိုက်တွန်းပြောကြားလိုက်တာ ဖြစ်ပါတယ်။

ဒ့ါပြင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဒုတိယပြောခွင့်ရပုဂ္ဂိုလ် မစ္စတာတွမ်ကေစီကလည်း ပြီးခဲ့တဲ့ရက်ပိုင်းက ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် တချို့ကို ဖမ်းဆီးလိုက်တဲ့ မြန်မာစစ်အစိုးရရဲ့ လုပ်ရပ်အပေါ် အောက်တိုဘာ ၁၅ရက် တနင်္လာနေ့က ပြုလုပ်တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းစာရှင်းလင်းပွဲမှာ အလေးထား ပြောဆိုသွားခဲ့ပါတယ်။

"မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့် ပြန်ကြားရေး၌နမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**Contact: + 66 861 946 711**
**E-mail; shwekhamauk@gmail.com**
**Web site:www.shwekhmauk.wordpress.com**

၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်၊ မမီးမီးနဲ့ ကိုအောင်သူတို့အပါအဝင် ထင်ရှားတဲ့ ဒီမိုကရေစီရေး လှုပ်ရှားသူတွေကို အောက်တိုဘာလ ၁၃ ရက်နေ့က ဖမ်းဆီးထိန်းသိမ်းလိုက်တဲ့ မြန်မာစစ်အစိုးရရဲ့ လုပ်ရပ်ကို အမေရိကန်နိုင်ငံက ပြစ်တင်ရှုတ်ချကြောင်း ပြောသွားခဲ့ပါတယ်။

ဒါ့ပြင် ဥပဒေမဲ့ ဖမ်းဆီးနှိပ်ကွပ်နေမှုတွေနဲ့ ဒီမိုကရေစီအရေး လှုပ်ရှားသူတွေကို ဖမ်းဆီးအရေးယူနေတာကို ရပ်တန့်ပေးဖို့ နိုင်ငံတကာက တောင်းဆိုနေတာတွေအပေါ် မြန်မာစစ်အစိုးရက အလေးမထားပဲ ပြောင်ပြောင်တင်းတင်း ဆက်လက်ကျူးလွန်လုပ်ဆောင်နေကြောင်း၊ အခုလို စစ်အစိုးရက ဖိနှိပ်မှုတွေကို ဆက်လက်လုပ်ဆောင်နေမှု၊ နိုင်ငံတကာနဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ဖို့ ငြင်းဆန်နေမှုတွေကိုကြည့်ရင် မြန်မာစစ်အစိုးရကို နိုင်ငံတကာကဖိအားတွေ အရှိန်မြှင့်လုပ်ဆောင်ဖို့လိုအပ်နေတယ်ဆိုတာ သိသာပေါ်လွင်နေကြောင်း မစ္စတာ ကေစီက ပြောသွားတာပါ။

ဒါ့ပြင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တကွ နိုင်ငံရေးအကျဉ်းသားတွေ အားလုံး ပြန်လွှတ်ပေးဖို့၊ ဒီမိုကရေစီခေါင်းဆောင်တွေ၊ တိုင်းရင်းသားအဖွဲ့ အစည်းတွေနဲ့ စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ဆောင်ဖို့ကိုလည်း အမေရိကန် ပြည်ထောင်စုက ထပ်မံတိုက်တွန်းလိုက်ကြောင်းကိုလည်း အမေရိန်ကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဒုတိယ ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာတွမ်ကေစီက ပြောသွားပါတယ်။ ■

## ငြိမ်းချမ်းစွာဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းမှုကြောင့် ဂျပန်အစိုးရက အကူအညီပေးနေခြင်းကို ရပ်ဆိုင်း

*ဗွီအိုအေ၊ ၁၆ အောက်တိုဘာလ၊ ၂၀၀၇*

ဂျပန်နိုင်ငံကနေ မြန်မာနိုင်ငံကိုပေးဖို့ရှိတဲ့ အကူအညီ အမေရိကန်ဒေါ်လာ ငါးသန်းနီးပါးကို ဂျပန်အစိုးရက ရပ်ဆိုင်းလိုက်ပါပြီ။ စက်တင်ဘာလ ဆန္ဒပြပွဲတွေအတွင်း မြန်မာစစ်တပ်ရဲ့ပစ်ခတ်မှုကြောင့် ဂျပန်ဓာတ်ပုံ သတင်းထောက် မစ္စတာ ခန်းဂျိနဂအိ (Kenji Nagai) သေဆုံးခဲ့ရတာနဲ့တိုက်ရိုက်ဆက်စပ် ပြီး အခုလိုလုပ်တာ မဟုတ်ပေမယ့် ငြိမ်းချမ်းစွာ ဆန္ဒပြသူတွေကို အကြမ်းဖက်နှိမ်နင်းတာကြောင့်လို့တော့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘန်ကောက်ရောက် ဗွီအိုအေပိုင်းတော်သား ဦးသိန်းထိုက်ဦးကို ဦးကျော်ကျော်သိန်းက ဆက်သွယ်မေးမြန်းထားပါတယ်။

ဗွီအိုအေ။ ။ကိုသိန်းထိုက်ဦးရေ အခု ဂျပန်အစိုးရက မြန်မာနိုင်ငံကိုပေးတဲ့ အကူအညီတချို့ ဖြတ်တယ်လို့ကြားတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ဂျပန်အစိုးရဘက်က ဘာပြောသေးလဲ။

ဟုတ်ကဲ့ ကိုကျော်ကျော်သိန်းရေ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးဆိုင်ရာ ဒုတိယအတွင်းဝန် Tomohiko Taniguchi ကို ကျနော်ဆက်မေးကြည့်တော့ ဂျပန်အစိုးရက မြန်မာနိုင်ငံကိုပေးနေတဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေကတော့ ထုံးစံအတိုင်း ဆက်ပေးသွားဦးမှာပါလို့ ပြောပါတယ်။

ဗွီအိုအေ။ ။ ဒါပေမယ့် မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံအကြား ညှိနှိုင်းနေတဲ့ ရန်ကုန်ကတက္ကသိုလ်တခုမှာ ဂျပန်ဘာသာနဲ့ ဒီ ဈေးကွက်စီးပွားရေးစတဲ့ဘာသာရပ်တွေ သင်ဖို့အတွက် အဆောက်အဦနဲ့ သင်ကြားရေးအထောက်အပံ့တွေပေးဖို့ ညှိနှိုင်းနေတဲ့ အကူအညီတွေကိုတော့ မပေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်ဆိုပြီးတော့ အခုလိုပြောပါတယ်ခင်ဗျ။

"လက်ရှိဖြစ်ပျက်နေတဲ့ ယေဘုယျအခြေအနေတွေအရ ဂျပန်အစိုးရအနေနဲ့ မြန်မာနိုင်ငံကို ဒီလိုအကူအညီတွေပေးဖို့ မသင့်တော်ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ ကျန်းမာရေးအခြေအနေ ဆိုးရွားနေတဲ့လူတွေကို စောင့်ရှောက်ဖို့၊ အာဟာရချို့တဲ့တဲ့လူတွေကို ကူညီဖို့၊ ဒီလို အောက်ခြေပြည်သူတွေအတွက်ပေးနေတဲ့ အကူအညီတွေကတော့ မပြောင်းလဲပါဘူး၊ ဆက်ပေးနေဦးမှာပါ။"

ဗွီအိုအေ။ ။ ဆိုတော့ အခုမပေးတော့ဘူးဆိုတဲ့ အကူအညီ ပမာဏက ဘယ်လောက်ရှိလို့လဲ။

ဂျပန်ယန်းငွေနဲ့ဆိုရင် သန်း ၅၅၀ ရှိတယ်လို့ ပြောပါတယ်။ အမေရိကန်ဒေါ်လာနဲ့ဆိုရင်တော့ ၄.၇ သန်းလောက်ရှိပါတယ်။ Tomohiko Taniguchi ပြောတာက မြန်မာပြည်ကိုပေးနေတဲ့အကူအညီတွေကို ဖြတ်တောက်တာမဟုတ်ပါဘူးတဲ့။ ပေးဖို့ ညှိနှိုင်းနေဆဲအကူအညီတွေကို မပေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တာဆိုပြီးတော့ ထပ်ပြီးတော့ပြောပါတယ်ခင်ဗျ။

ဗွီအိုအေ။ ။အခုလို သူတို့အကူအညီမပေးတော့ဘူးဆိုတဲ့ဟာနဲ့ ဆန္ဒပြပွဲတွေအတွင်းမှာ ဂျပန်သတင်းထောက် အပစ်ခံရပြီးတော့ သေသွားတာနဲ့ ဆက်စပ်မှုရှိနေလား။

ဒါနဲ့ပတ်သက်လို့မေးကြည့်တော့ သူက အဓိကအားဖြင့်တော့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းစွာဆန္ဒပြတဲ့သူတွေကို စစ်တပ်က အကြမ်းဖက်ဖြိုခွင်းခဲ့တာက အဓိကအကြောင်းရင်းလို့ ပြောပါတယ်။

"ရန်ကုန်နဲ့ တခြားနေရာအနှံ့အပြားမှာ ငြိမ်းချမ်းစွာဆန္ဒပြတဲ့သူတွေကို စစ်တပ် တပ်ဖွဲ့တွေကရက်ရက်စက်စက်နှိမ်နင်းခဲ့တဲ့ လုပ်ရပ်နဲ့ ပတ်သက်ပြီး ဒီလိုအကူအညီကို မပေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တာပါ။ သေချာတာကတော့ ဂျပန်နိုင်ငံက ဓာတ်ပုံသတင်းထောက် အသတ်ခံခဲ့ရတဲ့ကိစ္စက အတော်လေးဆိုးဆိုးဝါးဝါးဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တခုပါ။ ဂျပန်နိုင်ငံမှာရှိတဲ့ ပြည်သူတွေတော်တော်များများက ဒီကိစ္စကို ဒေါသဖြစ်ခဲ့ကြပါတယ်။ ဒါပေမယ့် ဒီထက်ပိုပြီး ကျယ်ပြန့်တဲ့အကြောင်းအရာကတော့ မြန်မာပြည်မှာ တွေ့ဆုံဆွေးနွေးရေးနဲ့ ဒီမိုကရေစီရေးအတွက် တောင်းဆိုတဲ့ ပြည်သူတွေကို စစ်တပ်က အကြမ်းဖက်နှိမ်နင်းခဲ့တဲ့ ဖိနှိပ်ခဲ့တာကြောင့်ပါ။"

ဗွီအိုအေ။ ။အခုဟာက မစ္စတာဂမ်ဘာရီကလည်း အာရှခရီးစဉ် အနေနဲ့ သူ စနေပြီ။ ကျနော်တို့ ဒီကနေ့ဆိုရင် မလေးရှားမှာရောက်နေတယ်။ နောက်ပြီးတော့ သူ အဲဒီကနေပြီးတော့ ဂျပန်ကိုလည်းပဲ သွားဖို့ရှိတယ်ဆိုတော့ အဲ ဒါနဲ့ပတ်သက်ပြီးတော့ရော မေးကြည့်ဖြစ်သေးလားခင်ဗျ။

ဒါနဲ့ပတ်သက်လို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးဆိုင်ရာ ဒုတိယအတွင်းဝန် Tomohiko Taniguchi က ဂျပန်နိုင်ငံက ဓာတ်ပုံသတင်းထောက် အသတ်ခံခဲ့ရပြီးနောက်ပိုင်း သိပ်မကြာခင်မှာ ဂျပန်နိုင်ငံက ဒုတိယနိုင်ငံခြားရေးဝန်ကြီး နေပြည်တော်ကို စေလွှတ်ပြီးတော့ မြန်မာစစ်အစိုးရခေါင်းဆောင်တွေနဲ့ဆွေးနွေးခဲ့တဲ့ကိစ္စကို ပြန်ပြောပါတယ်။ ဒီလိုဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေက စက်မှုအင်အားကြီးနိုင်ငံ ရှစ်နိုင်ငံအစည်းအဝေးမှာ ဒီနိုင်ငံတွေက သူတို့သဘောထားကို ထုတ်ဖော်ခဲ့တဲ့အတိုင်း ဂျပန်နိုင်ငံက သွားရောက်ဆွေးနွေးခဲ့တာပါတဲ့။ မစ္စတာဂမ်ဘာရီ လာမယ့်ခရီးစဉ်နဲ့ ဆက်စပ်ပြီးတော့လည်း သူက အခုလိုပြောပါတယ်။

"နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မြန်မာနိုင်ငံအရေးမှာ စုစည်းညီညွတ်တဲ့ အဖွဲ့အစည်းတခုအဖြစ် ပူးပေါင်းဆောင်ရွက်ဖို့ သိပ်ကိုအရေးကြီးနေပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ မစ္စတာဂမ်ဘာရီ ရောက်လာတဲ့အချိန်မှာ ဘာဆက်လုပ်သင့်တယ်ဆိုတာတွေကို ဆွေးနွေးအကြံပေးမှာ ဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီရဲ့ မြန်မာနိုင်ငံအရေးဆောင်ရွက်ချက်တွေကို ဂျပန်နိုင်ငံအနေနဲ့ အတတ်နိုင်ဆုံး ထောက်ပံ့ကူညီသွားမယ်၊ ဂျပန်နိုင်ငံအနေနဲ့ ကုလသမဂ္ဂနဲ့ အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်မယ်ဆိုတာကို ကတိပေးပြောဆိုဖို့ ဖြစ်ပါတယ်။" လို့ ပြောဆိုသွားပါတယ်။ ■

## မြန်မာစစ်အစိုးရအပေါ် အရေးယူမှုကို မလေးရှားက သဘောမတူ

*အာအက်ဖ်အေ၊ ၁၆ အောက်တိုဘာလ၊ ၂၀၀၇*

မြန်မာ့နိုင်ငံရေးသနာ ဖြေရှင်းရေးအတွက် အာရှနိုင်ငံများသို့ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာအီဘရာဟင် ဂန်ဘာရီ လှည့်လည်သွားရောက်စဉ် မလေးရှားနိုင်ငံကွာလာလမ်ပူမြို့တွင် အောက်တိုဘာ(၁၆) ရက်နေ့က မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆရက်ဒ်ဟာမစ်ဒ် အယ်လ်ဘာနှင့် တွေ့ဆုံခဲ့ပါသည်။

အာဆီယံအဖွဲ့အနေနဲ့ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီရဲ့မြန်မာနိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းချက်တွေကို အပြည့်အဝအားပေးထောက်ခံတယ်လို့ မလေးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာဆရက်ဒ်ဟာမစ်ဒ်အယ်လ်ဘာက အောက်တိုဘာ ၁၆ ရက်ဒီကနေ့ ပြောကြားလိုက်ပါတယ်။

ဒါပေမဲ့ အာဆီယံအဖွဲ့အနေနဲ့ မြန်မာနိုင်ငံအပေါ်ပိတ်ဆို့ အရေးယူမှုအတွက်တော့ သဘောမတူ ငြင်းပယ်တယ်လို့ ပြောကြားလိုက်ပါတယ်။ မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ထဲက ဘယ်တော့မှထုတ်ပယ်မှာ မဟုတ်ဖူးလို့လည်း ပြောပါတယ်။ အာရှဒေသအတွင်း မြန်မာနိုင်ငံအရေးကိစ္စအတွက် ခရီးလှည့်လည်နေတဲ့ မစ္စတာ ဂမ်ဘာရီနဲ့တွေ့ဆုံအပြီး မလေးရှားနိုင်ငံခြားရေးဝန်ကြီးက အခုလို ပြောလိုက်တာပါ။ မစ္စတာ ဂမ်ဘာရီဟာ နက်ဖြန်ခါ ဗုဒ္ဓဟူးနေ့မှာ မလေးရှားဝန်ကြီးချုပ် မစ္စတာဘာဒါဝီနဲ့တွေ့ဆုံမှာ ဖြစ်ပါတယ်။

မစ္စတာ ဂမ်ဘာရီရဲ့ ကြိုးပမ်းချက်တွေမှာ အာဆီယံအနေနဲ့ အောင်မြင်မှုတွေကို တွေ့မြင်လိုတယ်လို့ မစ္စတာ ဆရက်ဒ်ဟာမစ်ဒ် အယ်လ်ဘာက ပြောကြားထားပါတယ်။

အာဆီယံအနေနဲ့ မစ္စတာ ဂမ်ဘာရီရဲ့ ကြိုးပမ်းချက်တွေကို အလုံးစုံထောက်ခံပါကြောင်း လတ်တလောမှာတော့ ကုလသမဂ္ဂရဲ့ ဆောင်ရွက်မှုတွေကို စောင့်ကြည့်ရမှာဖြစ်ပြီး အာဆီယံရဲ့ အရေးကြီးဆုံးကဏ္ဍက အားပေးထောက်ခံမှုပေးဖို့ပဲဖြစ်ကြောင်း မစ္စတာ ဆရက်ဒ်ဟာမစ်ဒ်အယ်လ်ဘာက ပြောဆိုထားပါတယ်။

ဒါ့အပြင် သူကဆက်ပြောတာကတော့ တွေ့ဆုံဆွေးနွေးရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ အကောင်းဆုံးလမ်းစဉ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့အနေအထားကိုထည့်မတွက်ပဲ အနောက်နိုင်ငံက ဒီမိုကရေစီပုံစံမျိုးကို ချက်ချင်းလိုချင်လို့မရကြောင်း၊ ညတွင်းချင်း အရာရာကို ပြောင်းလဲချင်လို့ မရကြောင်း၊ အဲဒီလိုလုပ်ရင် အခြေအနေတွေ ပိုမိုရှုပ်ထွေးနိုင်ကြောင်း မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂနဲ့အတူလက်တွဲဖို့ တိုက်တွန်းချင်ကြောင်း၊ အဲဒါဟာ အကောင်းဆုံးလမ်းကြောင်းဖြစ်မယ်လို့ ထင်ကြောင်း ပြောကြားထားပါတယ်။

ကုလသမဂ္ဂအနေနဲ့ အာဆီယံအပါအဝင် အိမ်နီးချင်း နိုင်ငံတွေရဲ့ ထောက်ခံမှုလိုပြီး အဲဒါမှ မြန်မာနိုင်ငံအတွင်း အကျပ်အတည်းတွေကို မီးမောင်းထိုးပြနိုင်မှာဖြစ်တယ်ဆိုတဲ့ ကုလသမဂ္ဂရဲ့ ပန်ကြားချက်ကို မလေးရှားအစိုးရကိုတင်ပြခဲ့တယ်လို့ မစ္စတာ ဂမ်ဘာရီက ပြောဆိုပါတယ်။

မလေးရှားနိုင်ငံကို လတ်တလောရောက်နေတဲ့ မစ္စတာ ဂမ်ဘာရီဟာ အင်ဒိုနီးရှား၊ ဂျပန်၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေကို ဆက်လက်သွားရောက်ဖို့ ရှိနေပါတယ်။ ■

## မစ္စတာဂမ်ဘာရီ၏ခရီးစဉ် ရလဒ်ကောင်းများ ထွက်မည်ဟု (၈၈) မျိုးဆက်ကျောင်းသားများ မျှော်လင့်

*ဗွီအိုအေ ၊ ၁၆ အောက်တိုဘာလ၊၂၀၀၇*

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာအီဗရာဟင်မ် ဂမ်ဘာရီဟာ မြန်မာ့အရေးဒေသတွင်းနိုင်ငံတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ သူ့ရဲ့ခရီးစဉ်ကို စတင်နေပါပြီ။ မစ္စတာဂမ်ဘာရီရဲ့ အခုခရီးစဉ်တွေကနေပြီးတော့ မြန်မာ့အရေးအတွက် အကျိုးရှိမယ့်ရလဒ်တွေ ပေါ်ထွန်းလာမယ်လို့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေက မျှော်လင့်ထားပါတယ်။ ကုလသမဂ္ဂအနေနဲ့ မြန်မာစစ်အစိုးရကနေ မဖြစ်မနေလိုက်နာရမယ့် ဆုံးဖြတ်ချက်တွေကို အမြန်ဆုံးချမှတ်ဖို့လည်း တိုက်တွန်းလိုက်ပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုထွန်းမြင့်အောင်ကို ဦးသိန်းထိုက်ဦးက ဆက်သွယ်မေးမြန်းထားပါတယ်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ တော်တော်များများ အဖမ်းခံခဲ့ရပေမယ့် ကျန်တဲ့ကျောင်းသားတွေအနေနဲ့ လူထုလှုပ်ရှားမှု နည်းလမ်းပေါင်းစုံနဲ့ ဒီမိုကရေစီရေးအတွက် ဆက်လက်လုပ်ဆောင်သွားမယ်လို့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုထွန်းမြင့်အောင်က ဗွီအိုအေကို ပြောပါတယ်။ မြန်မာနိုင်ငံအတွင်း လတ်တလောဖြစ်ပျက်ခဲ့တဲ့ ငြိမ်းချမ်းတဲ့ သံဃာနဲ့ လူထုလှုပ်ရှားမှုကြီးတွေကနေ ပြည်သူတွေနိုးကြားလာခဲ့သလို မျိုးဆက်သစ်ကျောင်းသားလူငယ်တွေ ပေါ်ထွန်းခဲ့တဲ့ အကျိုးရလဒ်တွေလည်း ရခဲ့တယ်လို့ သူကပြောပါတယ်။ လက်ရှိမစ္စတာဂမ်ဘာရီရဲ့ ဒေသတွင်းခရီးစဉ်တွေနဲ့ ပတ်သက်လို့လည်း သူတို့ရဲ့သဘောထားကို အခုလိုပြောပါတယ်။

"မစ္စတာဂမ်ဘာရီလှုပ်ရှားမှုနဲ့ ကုလသမဂ္ဂကြီးရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ ကျနော်တို့တိုင်းပြည်အတွက် ထိရောက်တဲ့လှုပ်ရှားမှုတွေကို ဆက်လက်ပြီးတော့ ညီညီညွတ်ညွတ်နဲ့ လုပ်လာနိုင်လိမ့်မယ်လို့ မြင်ပါတယ်။ သို့သော် ပိုမိုပြီးတော့ လက်တွေ့ကျတဲ့၊ မဖြစ်မနေ လိုက်နာဆောင်ရွက်ရမယ့် အရေးယူဆောင်ရွက်မှုမျိုးတွေ ရှိဖို့လိုပါတယ်။ ကုလသမဂ္ဂကြီးအနေနဲ့ စဉ်းစားရမှာက နအဖစစ်အစိုးရသည် ဆက်လက်ပြီးတော့လည်း ဖမ်းဆီးမှုတွေကို ကိုယ်ထိလက်ရောက်ကျူးလွန်နေဆဲပါ။ ဆက်လက်ပြီးတော့လည်း အကျဉ်းထောင်တွေထဲမှာ ညှဉ်းပမ်းနှိပ်စက်မှုတွေကို ပြုနေဆဲပါ။ ဒါ့ကြောင့် နအဖ စစ်အစိုးရအနေနဲ့မဖြစ်မနေ လိုက်နာရမယ့် အရေးယူဆောင်ရွက်မှုတခုကို အလျင်အမြန်ဆောင်ရွက်သင့်ပါပြီလို့ ကျနော်ပြောချင်ပါတယ်။"

ဗွီအိုအေ။ ။ ဟုတ်ကဲ့၊ ထိုင်းနိုင်ငံကတော့ မြောက်ကိုရီးယား နျူကလီးယားအရေးဆွေးနွေးသလို ခြောက်နိုင်ငံပါဝင်တဲ့ဆွေးနွေးမှုမျိုး မြန်မာ့အရေးမှာ အာရှဒေသတွင်းနိုင်ငံတွေ တရုတ်နဲ့အိန္ဒိယအပါအဝင် လုပ်ဖို့ဆိုပြီးတော့ အကြံပြုထားတာ ရှိပါတယ်ခင်ဗျ။ အာရှနိုင်ငံတွေအနေနဲ့ ဒီကနေ့မြန်မာပြည်ဒီမိုကရေစီရေးအတွက် လုပ်ဆောင်ချက်တွေကရော ထိရောက်မှုရှိတယ်လို့ ကိုထွန်းမြင့်အောင်တို့ သုံးသပ်ပါသလားခင်ဗျ။

"ကျနော်တို့တိုင်းပြည်ရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်ကြတဲ့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ အာဆီယံနိုင်ငံတွေ၊ နောက်ပြီးတော့ ဒီမိုကရေစီနိုင်ငံကြီးတွေဖြစ်တဲ့ အမေရိကန်၊ ဗြိတိန် အဲဒီလိုနိုင်ငံတွေကနေပြီးတော့ လုံခြုံရေးကောင်စီရဲ့ပြင်ပမှာ သီးခြားလွတ်လပ်တဲ့ နိုင်ငံတကာ ဗမာ့အရေးဆွေးနွေးပွဲတွေမျိုးကိုလည်း လုပ်နိုင်မယ်ဆိုလို့ရှိရင် ပိုမိုပြီးတော့ထိရောက်တဲ့၊ ပြေလည်မှုတွေအများကြီးရနိုင်တဲ့ နည်းလမ်းတွေကို ရှာဖွေတွေ့ရှိနိုင်ပါတယ်။ ဗမာ့အရေးကို အင်မတန်ကောင်းမွန်တဲ့ အလားအလာတွေ ထွက်လာလိမ့်မယ်လို့ကျနော်တို့ မျှော်လင့်ပါတယ်။"

ဗွီအိုအေ။ ။ မြန်မာစစ်အစိုးရဘက်က တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်းပေါ်မှာ ထိုင်လာမယ်လို့ ကိုထွန်းမြင့်အောင်တို့ မျှော်လင့်ပါသလားခင်ဗျ၊ ဒီမိုကရေစီရေးအတွက် တကယ်တမ်းလုပ်လာမယ်လို့ မျှော်လင့်ထားပါသလားခင်ဗျ။

"ဟုတ်ကဲ့၊ အခုအချိန်ထိတော့ နအဖစစ်ဗိုလ်ချုပ်ကြီးတွေဘက်က နေပြီးတော့ ဒီမိုကရေစီ အရိပ်အယောင်သန်းတဲ့ လက္ခဏာတွေ ကျနော်တို့ ခုချိန်ထိ နည်းနည်းမှကို မတွေ့ရသေးပါဘူး။ တွေ့ဆုံဆွေးနွေးရေးကို ကမ်းလှမ်းထားတယ်ဆိုတာလည်း နိုင်ငံတကာရဲ့ဖိအားနဲ့ ပြည်သူလူထုအပေါ်မှာ လှည့်စားဖို့၏အတွက် ထွက်ပေါက်ရှာတဲ့အနေနဲ့ စကားအရ ကမ်းလှမ်းထားတယ်လို့ပဲ ကျနော်တို့မြင်ပါတယ်။ တကယ်ကို တွေ့ဆုံဆွေးနွေးရေးကို လုပ်ချင်တယ်ဆိုလို့ရှိရင် တွေ့ဆုံဆွေးနွေးပြီးတော့ ပြေလည်ရာပြေလည်ကြောင်းနည်းလမ်းတွေရှာဖို့ဆိုလို့ရှိရင် အခုလောလောဆယ် ဖမ်းဆီးနှိပ်စက်နေမှုတွေကို ရပ်တန့်ကရပ်ပစ်ဖို့ လိုပါတယ်။ အရပ်သားပြည်သူတွေအပေါ်မှာ ဆက်လက်ပြီးတော့ ဖမ်းဆီးနှိပ်စက်မှုတွေက အခုထက်ထိ ရှိနေဆဲဖြစ်တယ်။ ကျနော်တို့တိုင်းပြည်ရဲ့ အကျပ်အတည်းတွေကနေ လွန်မြောက်ဖို့ဆိုလို့ရှိရင် ပြည်သူတရပ်လုံးအတွက်ရော၊ နအဖ စစ်ဗိုလ်ချုပ်ကြီးတွေအတွက်ရော အကောင်းဆုံးနည်းလမ်း၊ အကောင်းဆုံးထွက်ပေါက်ကတော့ သွေးထွက်သံယိုမှုမရှိတဲ့ ငြိမ်းချမ်းတဲ့အသွင်ကူးပြောင်းမှု ကာလတရပ်ကို ဖြတ်သန်းနိုင်မယ့်တွေ့ဆုံဆွေးနွေးရေးသာ ဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးရေးကိုမှ နအဖ စစ်ဗိုလ်ချုပ်ကြီးတွေမှာ ဒီလိုအချိန်မှာ မလုပ်ခဲ့ဘူးဆိုရင် တချိန်ချိန်မှာ သူတို့အတွက် ထွက်ပေါက်တွေမဲ့ပြီးတော့ မရှုမလှ ကျဆုံးခန်းကိုသူတို့ ခံစားရမှာဖြစ်ပါတယ်။" ■

---

## ဖမ်းဆီးမှုတွေတိုးနေဆဲ၊ အဖွဲ့ချုပ်ကချည်း (၂၈၀)ကျော်နေပြီ

*ဒီဗွီဘီ၊ ၁၆ အောက်တိုဘာလ၊၂၀၀၇*

ရန်ကုန်နဲ့ နယ်မြို့တွေမှာ အဖမ်းအဆီးတွေ ဆက်လက်ဖြစ်ပွားနေပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီဝင်ဦးရေ (၂၈၀) နီးပါး ဖမ်းဆီးခံထားရတယ်လို့ ပါတီပြန်ကြားရေးအဖွဲ့ဝင် ဦးဟံသာမြင့်က ပြောပါတယ်။ မနေ့က မန္တလေးမှာ (၃) ဦးထပ်မံဖမ်းဆီးခံထားရပြီး အခြားတိုးလာတဲ့ဦးရေကတော့ ရခိုင်ပြည်နယ်နဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသက စာရင်းတွေဖြစ်တယ်လို့ သူကဆိုပါတယ်။

မန္တလေးတိုင်း ကျောက်ပန်းတောင်းတမြို့တည်းမှာတင် အဖွဲ့ချုပ်ပါတီဝင် (၅၀) ကျော် ဖမ်းဆီးခံလိုက်ရတဲ့အတွက် ပါတီဝင်တွေဟာ အိမ်မှာမနေရဲတော့ဘဲ ထွက်ပြေးနေရတယ်လို့လဲ သူကဆိုပါတယ်။ ဒီတောတွင်း (၈၈) မျိုးဆက်ကျောင်းသားတွေကလဲ ဒီဖမ်းဆီးမှုတွေကိုကန့်ကွက်ကြောင်း ဒီကနေ့ ကြေညာချက်ထုတ်ပြန်ထားပါတယ်။ အလားတူ မနေ့ကလဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်ဝါရင့် နိုင်ငံရေးသမားတွေက ကြေညာချက်တွေထုတ် ပြန်ကန့်ကွက်ထားကြပါတယ်။ ဒီဖမ်းဆီးမှုတွေဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးမယ်လို့ စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်က ကြေငြာပြီးမှ၊ ဆက်ဆံရေးဝန်ကြီး ခန့်အပ်ပြီးမှ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီကတောင် သတိပေးချက်ထုတ်ထားပြီးမှ ထပ်မံဖြစ်ပေါ်လာတာတွေဖြစ်တဲ့အတွက် နအဖဖက်က ဘာတွေပြောနေသလဲ၊ သတင်းစာမှာဘာ တွေရေးနေသလဲဆိုတာထက် နအဖဖက်က တကယ်လက်တွေ့မှာ အမှန်တကယ် ဘာတွေလုပ်နေသလဲဆိုတဲ့ အချက်အပေါ်အခြေခံပြီး တိုင်းပြည်အနာဂတ်ကို ဆုံးဖြတ်ရလိမ့်မယ်လို့ အခြားအဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် တဦးဖြစ်သူ ဦးသိန်းညွန့်က သတိပေးပြောဆိုသွားခဲ့ပါတယ်။ ■

## ရာဇာလီနဲ့ ဆက်သွယ်မေးမြန်းချက်

*ဒီဗွီဘီ၊ ၁၆ အောက်တိုဘာလ၊၂၀၀၇*

လက်ရှိကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီရဲ့ ကြိုးပမ်းမှုတွေနဲ့ နိုင်ငံတကာရဲ့ ဖိအားပေးမှုတွေကြောင့် မြန်မာဗိုလ်ချုပ်ကြီးတွေဖက်ကနေ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမှန်တကယ် ဆွေးနွေးကောင်း ဆွေးနွေးလာဖွယ်ရှိနေတယ်လို့ အထူးကိုယ်စားလှယ်ဟောင်း ရာဇာလီ အစ္စမေးက ဒီကနေ့ ပြောဆိုလိုက်ပါတယ်။ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ မလေးရှားနိုင်ငံဆီ ရောက်ရှိနေစဉ် မလေးရှားသံတမန်ဟောင်း ရာဇာလီကို ဒီဗွီဘီကမေးမြန်းစဉ်အခုလို ပြောဆိုလိုက်တာ ဖြစ်ပါတယ်။

သူတာဝန်ယူစဉ်ကာလက ဆွေးနွေးပွဲတွေ တပိုင်းတစနဲ့ ပျက်သွားရတာဟာ ဆုံးဖြတ်ပိုင်ခွင့်ရှိသူတွေ ကိုယ်တိုင်တာဝန်ယူ ဆွေးနွေးတာမဟုတ်ဘဲ တဆင့်ခံကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးနေတာကြောင့်ဖြစ်တယ်။ အခု ပြောနေသလိုမျိုး ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်သာ ဆွေးနွေးမယ်ဆိုရင် အလုပ်ဖြစ်လာနိုင်ပါတယ်။ ပြည်တွင်းပြည်ပဖိအားတွေကလဲ သူတာဝန်ယူစဉ်က ကာလထက်အများကြီး ပိုပြင်းထန်နေပြီ ဒါကြောင့် စစ်အစိုးရဖက်က ရွေးစရာလမ်းမရှိတော့ဘဲ ဆွေးနွေးပွဲကို တက်လာရပါလိမ့်မယ်လို့ အထူးကိုယ်စားလှယ်ဟောင်း မစ္စတာရာဇာလီက ဒီဗွီဘီကို ပြောကြားခဲ့ပါတယ်။ ပထမဆုံးမေးတဲ့ မေးခွန်းကတော့ မစ္စတာဂမ်ဘာရီရဲ့ အခုအာရှခရီးစဉ်ကနေ ဘာများထူးထူးခြားခြား မျှော်လင့်စရာရှိပါသလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

"မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်ပြီး အာရှနိုင်ငံတွေဆီကနေ ဒီထက်မက ထောက်ခံအားပေးမှုတွေ၊ သိသိသာသာ ထင်ထင်ရှားရှား ရလာစေဖို့ ဖြစ်ပါတယ်။ ကျနော်ထင်ပါတယ်၊ သူ မလေးရှားဝန်ကြီးချုပ်နဲ့တွေ့တဲ့အခါမှာ ဒီကိစ္စကို ပြောပါလိမ့်မယ်။ မလေးရှားဖက်ကလဲ အရင်ပြောနေကြစကားတွေဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးပါ၊ ဆွေးနွေးပွဲတွေ လုပ်ကြပါလို့ ပြောပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီလိုဖြစ်လာအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ အစီအစဉ်ကတော့ အရင်လိုပဲ ထွက်ပေါ်လာအုံးမှာမဟုတ်ဘူးလို့ ကျနော်ထင်ပါတယ်။"

ဒီဗွီဘီ။ ။ ဟုတ်ကဲ့ မြန်မာနိုင်ငံတွင်းအခြေနေတွေက အတော်ဆိုးနေပြီဆိုတော့ အာဆီယံဖက်က ဒီထက်ပိုပြီး လုပ်ပေးဖို့လိုမယ်လို့ မစ္စတာရာဇာလီ ထင်ပါသလား။

"ဟုတ်ပါတယ်၊ အခုချိန်မှာတော့ လူတွေကမကျေမနပ် ထုတ်ပြောလာနေပါပြီ။ လူတွေဟာအပြောင်းအလဲကို လိုချင်နေကြပါပြီ၊ အဲဒီအပြောင်းလဲအတွက် အခုထုတ်ပြောနေကြတာပါ၊ အာဆီယံ အစိုးရတွေအနေနဲ့ မြန်မာနိုင်ငံတွင်းကဆန္ဒပြသူတွေ၊ အသတ်ခံ အဖမ်းခံရ သူတွေရဲ့ ဆန္ဒကိုလေးစားဖို့ လိုပါတယ်။ အဲဒီလိုလေးစားတယ်ဆိုတာဟာ ဝမ်းနည်းကြောင်း ကြေညာချက်ထုတ်နေရုံနဲ့ မလုံလောက်ပါဘူး။ အာဆီယံတဖွဲ့လုံး အထူးသဖြင့် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားလို နိုင်ငံတွေကအစပါဝင်ပြီး အာဆီယံတဖွဲ့လုံးရဲ့သဘောထားကို အတိအကျ ထုတ်ပြောဖို့လိုအပ်နေပါတယ်။"

ဒီဗွီဘီ။ ။ ဟုတ်ကဲ့၊ မစ္စတာရာဇာလီ ကျမ အဓိကမေးချင်တဲ့မေးခွန်းကတော့ မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးမယ်ဆိုပြီး ကြေငြာချက်တရပ် ထုတ်ပြန်လိုက်ပါတယ်။ နောက် ဆက်ဆံရေးဝန်ကြီးဆိုပြီးလဲ ခန့်အပ်လိုက်ပါတယ်။ အရင်ကဆွေးနွေးပွဲတွေမှာ ဦးဆောင်ပါဝင်ခဲ့ဖူးသူတဦးအနေနဲ့ ဒါကို ဆွေးနွေးပွဲတွေ တကယ်လုပ်တော့မဲ့လက္ခဏာလို့ မြင်ပါသလား။

"ခင်ဗျားမေးခွန်းထဲမှာပါတဲ့ စကားလုံးကိုအတိကျ သုံးစေချင်ပါတယ်၊ ဗိုင်ယာလော့ ဆိုတဲ့ စကားလုံးကို သူ မသုံးပါဘူး။ ဒေါ်အောင်ဆန်းစုကြည်

နဲ့ တွေ့မယ်လို့သာ သူပြောတာပါ၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ အတိတ်မှာ အလုပ်မဖြစ်ခဲ့တဲ့ So-call ဆွေးနွေးပွဲဆိုတာတွေ ရှိခဲ့ဖူးသော်လဲ အခု ဗိုလ်ချုပ်မှူးကြီးပြောနေတဲ့ စကားလုံးတိုင်းကို အားလုံးကအလေးနက်ထား စဉ်းစားဖို့လိုအပ်တယ်လို့ ကျနော်မြင်ပါတယ်။ ကျနော် ဒေါ်အောင်ဆန်းစုကြည်နဲ့ အကြိမ်ပေါင်းများစွာတွေ့ပြီး ဒီကိစ္စကို ပြောခဲ့ဖူးပါတယ်။ စစ်အစိုးရဖက်က ဆွေးနွေးပွဲတွေကို တစိုက်မတ်မတ်လုပ်တာမျိုး။ အထူးသဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင်ကဘာမှလုပ်တာမျိုးမရှိဘဲ သူရဲ့ကိုယ်စားလှယ်တွေနဲ့ဘဲ လွှဲထားတာသာ ဖြစ်ပါတယ်။ ဘာမှဆုံးဖြတ်ပိုင်ခွင့်မရှိတဲ့ ပညာရေးဝန်ကြီးလိုမျိုး ကိုယ်စားလှယ်တွေက ဒေါ်အောင်ဆန်းစုကြည် ပြောသမျှကို ဗိုလ်ချုပ်မှူးကြီးဆီ တင်ပြရင်းနဲ့ပဲ အချိန်တွေ ကုန်ခဲ့တာပါ။ အဲလိုနည်းမျိုးနဲ့ အလုပ်မဖြစ်ပါဘူး။ ဆွေးနွေးပွဲဆိုတာဟာ (၂) ဖက်စလုံးက ဆုံးဖြတ်ပိုင်ခွင့်ရှိသူတွေချင်း တိုက်ရိုက်ဆွေးနွေးဖို့ လိုပါတယ်။ အခု ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဆွေးနွေးမယ်ဆိုတာဟာ ကောင်းတဲ့အချက်ပါ။ အယင်တခါလိုမျိုးတော့ အဖျားမရှူးလောက်ဘူးလို့ ကျနော် မျှော်လင့်ပါတယ်။”

ဒီဗွီဘီ။ ။ ဟုတ်ကဲ့၊ တကယ်တမ်း ပြန်ကြည့်မယ်ဆိုရင် စစ်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အကြား ဆွေးနွေးပွဲတွေဖြစ်လာအောင် စတင်လမ်းဖွင့်ပေးခဲ့သူဟာ မစ္စတာရာဇာလီပါ။ အဲဒါ ဘာကြောင့်မအောင်မြင် ဖြစ်သွားရတာဘာလဲ။ ဘာများအားနည်း ခဲ့လို့ပါလဲ။

“ကျနော် ပြောပြီးပြီလေ အဲဒါ၊ ဆွေးနွေးပွဲလို့ ခေါင်းစဉ်တပ်ထားပေမဲ့ ဘာမှမယ်မယ်ရရ တိတိကျကျ ဆွေးနွေးတာမှမဟုတ်ဘဲနဲ့ဥစ္စာ၊ ထပ်ဖြည့်ပြောရရင် ဒေါ်အောင်ဆန်းစုကြည်ဟာ သန်းရွှေ၊ ခင်ညွန့်၊ မောင်အေးတို့နဲ့ တိုက်ရိုက်ပြောခွင့်ရတာ မဟုတ်ပါဘူး။ သူတို့ရဲ့ကိုယ်စားလှယ် အဲဒီကာလက ပညာရေးဝန်ကြီးလိုမျိုးပုဂ္ဂိုလ်နဲ့ ဆွေးနွေးခဲ့ရတာမျိုးပါ၊ အဲဒါနဲ့ အချိန်ကုန်ပြီး ဘာမှမလုပ်မဖြစ်ဘဲ ရှေ့မတိုးနိုင် ဖြစ်ခဲ့ရတာပါ။”

ဒီဗွီဘီ။ ။ ဟုတ်ကဲ့၊ မစ္စတာရာဇာလီ ကိုယ်တိုင်ကြားဝင် ကြိုးစားစဉ်က မအောင်မြင်ခဲ့တဲ့ ဆွေးနွေးပွဲဆိုတာကို အခု တကြိမ်ပြန်လုပ်မယ် ပြောတဲ့အခါကျမှ ဘာကြောင့်အလုပ်ဖြစ်ဖွယ် ရှိတယ်လို့ မစ္စတာရာဇာလီက ထင်နေရတာပါလဲ။

“အခုဟာက မြန်မာစစ်ဗိုလ်ချုပ်တွေအပေါ်ကျလာနေတဲ့ ပြည်တွင်းပြည်ပဖိအားတွေက ဘယ်တုန်းကနဲ့မှမတူအောင် သိသိသာသာ ပြင်းထန်နေပြီလေ။ အရင် ကျနော်တာဝန်ယူစဉ်ကဆိုရင် အထွေထွေညီလာခံ ဆုံးဖြတ်ချက်နဲ့ပဲ သွားနေရတဲ့အတွက် သိပ်အားမရှိခဲ့ပါဘူး။ အခုဆိုရင် လုံခြုံရေးကောင်စီမှာ မြန်မာကိစ္စကို အဆက်မပြတ်ဆွေးနွေးနေတာ ခင်ဗျားမြင်တယ် မို့လား။ ဆုံးဖြတ်ချက်မချနိုင်သေးပေမဲ့ ဆွေးနွေးပွဲတွေက ဆက်သွားနေပါတယ်။ အဲ နောက် ပြည်တွင်းမှာလဲ ပြီးခဲ့တဲ့သတင်းပတ်အတွင်းမှာတင် လူတွေသေကြေဒဏ်ရာရ ဖမ်းဆီးခံခဲ့ရတဲ့ ဆန္ဒပြပွဲကြီးတွေ ဖြစ်ပွားခဲ့ပါတယ်။ ဒီအခြေအနေဟာ ကျနော်သွားစဉ်က အခြေအနေနဲ့ မတူတော့ပါဘူး။ ဒီလိုဖြစ်နေတဲ့အချိန်မှာ မြန်မာနိုင်ငံမှာ ဘာပြဿနာမှမရှိပါဘူးဆိုပြီး ဗိုလ်ချုပ်ကြီးတွေက ဆက်ပြောနေလို့မဖြစ်နိုင်တော့ပါဘူး။ ဗိုလ်ချုပ်ကြီးတွေကို အာဆီယံနိုင်ငံတွေကတောင် လက်ခံတော့တာမဟုတ်ပါဘူး။ ဆိုလိုတာကတော့ ကျနော်တာဝန်ယူစဉ် ကာလကအခြေအနေနဲ့ အခုအခြေအနေ အတော်ကွာခြားသွားပါပြီ။ ဒါကြောင့် ဒီတကြိမ်မှာ ဆွေးနွေးပွဲတွေ အလုပ်ဖြစ်လိမ့်မယ်လို့ ကျနော်မျှော်လင့်နေခြင်း ဖြစ်ပါတယ်”

ဒီဗွီဘီ။ ။ ဟုတ်ကဲ့၊ မစ္စတာရာဇာလီ လက်ထက်က မအောင်မြင်ခဲ့တဲ့ ဆွေးနွေးပွဲတွေ အခုမစ္စတာ ဂန်ဘာရီ လက်ထက်မှာ တကယ်အောင်မြင်လာတော့ မယ်ဆိုတဲ့သဘောပေါ့။

“ဟုတ်ပါတယ်၊ ကျနော်အဲဒီလိုမျှော်လင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာပြည်သူတွေ ကျဆုံးတာကို ကျနော်တို့ ဒီတိုင်းကြည့်မနေနိုင်တော့လို့ ဖြစ်ပါတယ်။ အရင်က ကျနော်တို့ ဒီလိုမျိုး မပြောနိုင်ခဲ့ပါဘူး။ အခုက မြန်မာနိုင်ငံတွင်းမှာ သိပ်ကြီးမားတဲ့ လှုပ်ရှားမှုကြီးတွေဖြစ်ခဲ့ပြီးပါပြီ။ ဒါဟာ လုံလောက်တဲ့ ဖိအားပေးမှု ဖြစ်ပါတယ်”

ဒီဗွီဘီ။ ။ ဟုတ်ကဲ့၊ မစ္စတာရာဇာလီ ဒါပေမဲ့ ကျမတို့ မေးမြန်းခွင့်ရခဲ့တဲ့ နိုင်ငံရေးအကဲခတ်တွေ၊ မြန်မာပြည်သူတွေ အတော်များများကတော့ အခြေနေတွေ ဆိုးနေတာမှန်ပေမဲ့ စစ်အစိုးရဖက်က တကယ်ဆွေးနွေးမှာမဟုတ်ဘူး။ အချိန်ဆွဲဖို့ပြင်နေခြင်းသာဖြစ်တယ်လို့ ပြောနေပါတယ်။ ဗိုလ်ချုပ်ဗိုလ်မှူးကြီး သန်းရွှေဖက်က စေတနာမှန်နဲ့ လုပ်နေတယ်လို့ မစ္စတာရာဇာလီ မြင်ပါသလား။

“ကျနော်မထင်ပါဘူး၊ သူတို့ရဲ့စိတ်ဆန္ဒအပေါ် အဲဒီလိုမေးခွန်းထုတ်စရာလို မလို ကျနော်မသိပါဘူး။ ကျနော်သိတာကတော့ ပြည်တွင်းပြည်ပဖိအားဟာ ပြင်းထန် လုံလောက်နေပါပြီ။ သူတို့ဖက်ကနေ ဆွေးနွေးပွဲကို ငြင်းနိုင်တဲ့အခြေအနေ မရှိတော့ပါဘူး။ ဒါကြောင့် စေတနာမှန်မမှန် ဆိုတာထက် ဒီတကြိမ်မှာ မြန်မာဗိုလ်ချုပ်တွေဖက်က ဆက်ပြီးခေါင်းမာနေလို့ မရနိုင်တော့ပါဘူးလို့ ပြောနိုင်ပါတယ်။ နိုင်ငံတကာဖိအားကို သူတို့ဖက်က မတုန့်ပြန်ဘဲနေလို့ကို မရတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပြည်တွင်းမှာလဲ ဆန္ဒပြပွဲတွေဖြစ်ပွားနေလို့ပဲ ဖြစ်ပါတယ်။ အရင်က ဒီလိုဆန္ဒပြတာမျိုး ရှိမနေခဲ့ပါဘူး”

ဒီဗွီဘီ။ ။ ဟုတ်ကဲ့ မစ္စတာရာဇာလီ ဒါပေမဲ့ စစ်အစိုးရသတင်းစာတွေမှာတော့ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကိုလဲ မလိုက်နာနိုင်ဘူး။ ဘယ်သူကိုမှလဲ ဂရုမစိုက်ဘူး။ သူတို့ရဲ့လမ်းပြမြေပုံ (၇) ချက်အတိုင်း ဆက်သွားမယ်လို့ ပြောနေတာ မဟုတ်ဘူးလား။

“ဒါကတော့ ကျနော်တို့ ဆက်လုပ်ရမဲ့အပိုင်းပါ၊ အခု လောလောဆယ်ကတော့ အစိုးရဖက်က ဆွေးနွေးပွဲစကားဝိုင်းဆီတက်လာဖို့ ကျနော်တို့ မျှော်လင့်ထားပါတယ်၊ အဲဒီဆွေးနွေးပွဲမှာ သူတို့ရဲ့ ကိုယ်ပိုင်လုပ်ငန်းစဉ်တွေကို တင်ပြဆွေးနွေးခွင့် ရှိပါတယ်။ သူတို့ရဲ့ ရုတ်မက်ကို တင်ပြပိုင်ခွင့်ရှိပါတယ်။ ဒါပေမဲ့ အဲဒီရုတ်မက်ဟာ အားလုံးပါဝင်ခွင့်ရှိတဲ့ ရုတ်မက် ဖြစ်ရပါလိမ့်မယ်။ အဲဒီ ရုတ်မက်ဟာ စစ်အာဏာရှင်စနစ်ပေါ် အခြေမခံတဲ့၊ ဒီမိုကရေစီအခွင့်ရေးတွေပေါ်အခြေခံတဲ့ ရုတ်မက် ဖြစ်ရပါလိမ့်မယ်”

ဒီဗွီဘီ။ ။ ဟုတ်ကဲ့၊ ဒီနေရာမှာ ကျမထပ်မေးချင်တာက ဒီကျမတို့ မေးမြန်းခွင့်ရခဲ့တဲ့ ဆန္ဒပြသူတွေရဲ့ အပြောတိုင်းဆိုရင် သူတို့က ရိုမက်ကို လုံးဝအယုံအကြည်မရှိတော့ပါဘူး။ အစိုးရအပြောင်းအလဲလုပ်ဖို့ တောင်းဆိုနေတာ ဖြစ်ပါတယ်။ အခု မစ္စတာရာဇာလီပြောတာနဲ့ အခြေခံ ကွဲလွဲနေသလားလို့။

“ဟုတ်ပါတယ်၊ ကျနော်ပြောတဲ့ ရိုမက်ဆိုတာဟာ အားလုံးပါဝင်ခွင့်ရှိတဲ့ ရုတ်မက်ပါ၊ အဲဒီ ရုတ်မက်ကို စစ်အစိုးရဖက်က တင်ပြပိုင်ခွင့်ရှိတယ်လို့ ကျနော်ဆိုလိုတာပါ။ အဲဒီမှာအားလုံး ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပြင်အားလုံးပါဝင်ခွင့်ရှိတဲ့ ဒီမိုကရေစီအခြေခံပေါ်မှာ အမှီပြုထားတဲ့ ရုတ်မက်ကို ကျနော် ဆိုလိုတာပါ”

ဒီဗွီဘီ။ ။ ဟုတ်ကဲ့၊ ကျမနောက်ဆုံးမေးချင်တာကတော့ အခုမျှော်လင့်ချက်တွေဟာ ဒီတကြိမ် အမှန်တကယ်ဖြစ်လာတော့မလား၊ တနည်းအားဖြင့် မြန်မာ နိုင်ငံရဲ့အခြေအနေဟာ ဆွေးနွေးပွဲလမ်းကြောင်းနဲ့ တကယ်ပဲ အဖြေထွက်တော့မယ်လို့ မစ္စတာရာဇာလီ မျှော်လင့်ထားပါသလား။

“ဒါက မြန်မာအစိုးရဖက်ကနေ ဆွေးနွေးပွဲတွေမဖြစ်မနေ လုပ်လာအောင် နိုင်ငံတကာမိသားစုတခုလုံးက ဘယ်လောက်အထိ စည်းစည်းလုံးလုံးနဲ့ ပြင်းပြင်းထန်ထန် ဖိအားပေးနိုင်မလဲဆိုတဲ့ အချက်ပေါ်မူတည်နေပါတယ်။ အခုလိုမျိုး ပါးစပ်ကပြောနေရုံ၊ ကြေညာချက်လေးထုတ်နေရုံနဲ့တော့ ဘာမှအလုပ်ဖြစ်မှာ မဟုတ်ပါဘူး။ အထူးသဖြင့် တရုတ်၊ အိန္ဒိယ၊ အာဆီယံနိုင်ငံတွေနဲ့တမ္ဘာလုံးရဲ့ဖိအားပေးမှုကို တပြိုင်တည်းတချိန်တည်း ဟန်ချက်ညီညီပေးဖို့ လိုအပ်နေပါတယ်။ အဲလိုလုပ်နိုင်တဲ့ တနေ့မှာ မြန်မာအစိုးရဖက်က နိုင်ငံတကာကတောင်းဆိုတဲ့အတိုင်း မဖြစ်မနေ လုပ်ကိုလုပ်လာရပါလိမ့်မယ်။ အဲဒီလိုမျိုးဖြစ်လာစေဖို့ အခု မစ္စတာဂန်ဘာရီ ကြိုးစားနေတယ်လို့ ကျနော်မြင်ပါတယ်ခင်ဗျား” ■

“ ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချိသူများအား အထူးကျေးဇူးတင်ပါသည်။ ”